# သာသနာပြုစင်စစ် ကေန်ဖြစ်ပြီလား

အရှင်ဉာဏိကာဘိဝံသ

မြန်မာ့သာသနာ့သမိုင်းဝယ် ထင်ရှားလှသော ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီကျမ်းကိုဖတ်ဖြစ်ခဲ့ပါသည်။ ၄င်းစာအုပ်ကိုဖတ်နေရင်း မပြီးဆုံးသေးမီပင် ခရီးရှည်ထွက်စရာအကြောင်းတစ်ခု ပေါ်လာခဲ့ပါသည်။ ၄င်းခရီးမှာ အလည်ထွက်ခြင်း(သို့မဟုတ်) အများသူငါအသုံးအနှုန်းအရသုံးစွဲရသော် ဘုရားဖူးထွက်ခြင်းပင်ဖြစ်ပါသည်။ ငြင်းပယ်၍ မရနိုင်လောက်သောအကြောင်းတစ်ခုကြောင့် ၄င်းခရီးကိုလိုက်ပါခဲ့ရပါသည်။ လိုက်လိုစိတ်ကား အလျှင်းမရှိပါ။ မကြာသေးမီနှစ်များအတွင်းက ခရီးသွားဟန်လွှဲ တွေ့ကြုံခဲ့ရသော ဘုရားဖူးအမည်တပ်ထားသောပုဂ္ဂိုလ်တစ်စု၏ မဖွယ်ရာသောအပြုအမူကြောင့် အုပ်နှင့်သင်းနှင့် စုပေါင်း၍ဘုရားဖူးထွက်ကြသော ယဉ်ကျေးမှုတစ်ခုအပေါ် သံသယများစွာဝင်နေခဲ့ပါသည်။

ထိုကြောင့် အစုအသင်းဖြင့်  ဘုရားဖူးထွက်ခြင်းကို တတ်နိုင်သမျှ ဝေးဝေးကရှောင်နေခဲ့ပါသည်။ ယခုခရီးကိုကား အထက်ကဆိုခဲ့သလို ငြင်းပယ်၍မရနိုင်သော အကြောင်းတစ်ခုကြောင့် လိုက်ပါသွားခဲ့ရပါသည်။ သွားရမည့်ခရီးကား အောက်မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါသည်။ ရန်ကုန်တိုင်း ပဲခူးတိုင်း မွန်ပြည်နယ် ကရင်ပြည်နယ်တို့အတွင်း ထင်ရှားသောနေရာဒေသများ စုံလင်သလောက်ဖြစ်ပါသည်။ နာမည်ကြီးဘုရားပုထိုးများ ဆရာတော်ကြီးများနှင့် သူ့နည်းသူ့ဟန်ဖြင့်ကျော်ကြားသော ပုဂ္ဂိုလ်ထူးများပါမကျန် စုံလင်လှပါသည်။

အတူပါဝင်လိုက်ပါသွားခဲ့ရသောအဖွဲ့သည် သက်ဆိုင်ရာနေရာများ၌တာဝန်ကြီးကြီး ယူထားရသူများဖြစ်ခြင်း အသက်အရွယ်အားဖြင့်လည်း မငယ်လှသူများဖြစ်ခြင်းကြောင့် သွားရသောခရီး၌ အချင်းချင်းနားလည် စာနာကြသဖြင့် ကြေနပ်ဖွယ်ဖြစ်ရပါသည်။ မိမိဂုဏ်သိက္ခာကို ကောင်းစွာစောင့်ရှောက်ပြီး နေထိုင်ကြသူများဖြစ်၍လည်း သွားရသောခရီးဝယ် စိတ်ချမ်းသာမှုတစ်မျိုးကို ခံစားခဲ့ရပါသည်။မဖွယ်ရာသောအပြုအမူမျိုးကို မတွေ့ရသဖြင့်လည်း အတူသွားခဲ့ရသော ခရီးဖော်အားလုံးကို ကျေးဇူးတင်မိပါသည်။

(၂)

သွားခဲ့ရသောခရီးဝယ် တွေ့ကြုံခဲ့ရသော အကြောင်းအရာများစွာထဲမှ တစ်ခုသောအကြောင်းကိုကား မပြောပဲမနေနိုင်လောက်အောင်ဖြစ်ရပါသည်။ ထိုအရာမှာ သာသနာပြုဆိုသော ဆိုင်းဘုတ်စာတမ်းကို နေရာတော်တော်များ၌ တွေ့မြင်ခဲ့ရသောအချက်ပင်ဖြစ်ပါသည်။ လမ်းခရီးတလျှောက်ဖြတ်သန်းသွားလာရင်း ပုံသဏ္ဍာန် အမျိုးမျိုးသောကားများ၌ ဘာသနာပြုအဖွဲ့ ညာသာနာပြုအဖွဲ့ဆိုသောစာတမ်းများ ချိတ်ဆွဲထားသည်ကို များစွာတွေ့ရပါသည်။ ၄င်းနည်းတူ သာသနာပြုတောင်တော် သာသနာပြုဘိုးတော် သာသနာပြုမယ်တော် သာသနာပြုဆရာတော်ဆိုသော ဆိုင်းဘုတ်ကြီးငယ်ထောင်၍ သာသနာပြုအမည်ကိုခံယူနေကြသော နေရာဌာနနှင့် ပုဂ္ဂိုလ်ကြီး ငယ်တို့ကိုလည်းများစွာတွေ့မြင်ခဲ့ရပါသည်။

ထိုသာသနာပြုဆိုင်းဘုတ်များ၏ အနီးအပါး၌ ပုံဏ္ဍာန်အမျိုးမျိုးသောဘုရားစေတီတို့ကို အမည်အမျိုးမျိုးတပ်လျက်၄င်း၊ နတ်ရုပ်ပေါင်းစုံ သတ္တဝါအရုပ်ပေါင်းစုံ အင်းပေါင်းစုံခြံရံလျက်၄င်း၊ ထေရဝါဒမျက်စိနှင့် မဆီလျော် မအပ်စပ်လှသောမြင်ကွင်းများကို စိတ်နောက်ကျုဖွယ်ရာ တွေ့မြင်ခဲ့ရပါသည်။ ကျောင်းရိပ် ကန်ရိပ်ဘုရားရိပ်ကိုဝင်လိုက်သည်နှင့် စိတ်အေးငြိမ်းချမ်းသာမှုကိုခံစားရမည့်အစား စိတ်နှလုံးပူလောင်ရှုတ်ထွေးမှုကိုသာ ခံစားရပါသည်။ သာသနာပြုဆိုသောနေရာများ၌ ပရိတ်သတ်များစည်ကားနေခြင်းအတွက် ဝမ်းမြောက်ကြည်နူးစွာဖြင့် သာဓုနမော်ခေါ်ဆိုလိုပါသော်လည်း ကြည်နူးဝမ်းသာမဖြစ်နိုင်ခဲ့ပါ။ ထိုနေရာမျိုး၌ ကားကြီးကားငယ်အသွယ်သွယ်နှင့် ပရိတ်သတ်ပေါင်းစုံစည်ကားနေမှုကိုမြင်ရရာ သာသနာနောင်ရေးအတွက် စိတ်ရတက်မအေးဖွယ်ရာဖြစ်ရပါတော့သည်။

ထိုကြောင့် သာသနာပြုဆိုသောစကားနှင့်ဆက်စပ်၍ ဖတ်နေဆဲ ဇိနတ္ထပကာသနီကျမ်းမှ မြတ်စွာဘုရား၏ သာသနာပြုစေလွှတ်ခန်းလာ သာသနာပြုပုံအကွက်တစ်ကွက်ကို သတိတရဖြစ်မိပါသည်။ မိမိသတိရမှုကို စာဖတ်သူများလည်း တွေးတောဆင်ခြင်နိုင်ရန်အတွက် တင်ပြလိုစိတ်ဖြစ်ခဲ့ပါသည်။

(၃)

“ဘုရားရှင်ကိုယ်တော်မြတ်သည် ဘုရားဖြစ်တော်မူစပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးဝါကပ်တော်မူပါသည်။ ဝါဦးကာလ၌ ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာ အနတ္တလက္ခဏသုတ်စသော တရားတော်များကို ဟောကြားတော်မူပါသည်။ ထိုတရားဒေသနာများကို ကြားနာပွားများရသဖြင့် အရှင်ကောဏ္ဍညစသော ပဉ္စဝဂ္ဂီငါးဦး

တို့ အရဟတ္တဖိုလ်တိုင်ဆိုက်ရောက် နိဗ္ဗာန်ကိုမျက်မှောက်ပြုတော်မူကြပါသည်။ ဝါတွင်းကာလ၌မူလည်း ယသသူဌေး သားအမှူးရှိသော ငါးကျိပ်ငါးယောက်သောအမျိုးကောင်းသားတို့ကို ပုဂ္ဂိုလ်အလိုက်စရိုက်နှင့်ကိုက်ညီသော တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီး ဝိမုတ္တိရသခေါ် သံသရာဆင်းရဲဒုက္ခမှလွတ်မြောက်မှုအရသာကို ခံစားစေတော်မူပြီ။

ပထမဝါကျွတ်တော်မူသောအခါ၌မူကား ဗုဒ္ဓအပါအဝင် ရဟန္တာခြောက်ကျိပ်တစ်ပါးရှိပေပြီ။ ဗုဒ္ဓ၏အဆုံးအမဒေသနာများ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ပွားရန်အတွက် သာသနာ့ဂိုဏ်းသားများ များစွာလိုအပ်လာပါသည်။ ထိုအတွက် ဗုဒ္ဓမြတ်စွာသည် သာသနာ့ဂိုဏ်းသားများကို စုဆောင်းတော်မူပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်မှသာလျှင် များစွာပြန့်ပွားပြီး ဓမ္မရသ–တရားအရသာကို ဝေနေယျများစွာ ခံစားနိုင်ပေလိမ့်မည်။ ဗုဒ္ဓသည်ဝါကျွတ်ကာလရောက်သောအခါ၌ ခြောက်ကျိပ်သောသူ၏တပည့်သာဝကတို့ကို အနီးအပါးသို့ခေါ်တော်မူ၍ သာသနာပြုကြွချီရန် မိန့်မြွက်စကားချွေတော်မူပါသည်။

ချစ်သားတို့ လူ့ပြည်လူ့ရွာ ဖြဟ္မာ့ဘုံတိုင်အောင် တလုံလဲလဲ တဝဲလည်လည် ကြိုးရှည်သောနွားကိုလှန်ထားဘိသကဲ့သို့ လူတို့၌ ငြိရှက်ဖွဲ့နှောင်တတ်သော ကာမဂုဏ်ငါးပါး၌တပ်ကြိုက်ခင်မင်သော လောဘ ဒေါသ မောဟ တည်းဟူသောကျော့ကွင်းကို ရှင်းရှင်းကျွတ်အောင် ငါလည်းချွတ်နိုင်ပေပြီ။ သင်တို့လည်း ချွတ်နိုင်ပေပြီ။ မကျွတ်လွတ်နိုင်ပဲ ဝဋ်ဆင်းရဲ၌ ပျော်ပိုက်သောသတ္တဝါတို့သည် လွန်စွာများလှကုန်သည်။ ထိုသူတို့အား စီးပွားချမ်းသာကိုပြုခြင်းငှါ ထိုထိုမြို့ရွာသို့ ဒေသစာရီကိုယ်စီကိုယ်ငှသွားကြလေကုန်၊ ထိုဝဋ်ဆင်းရဲဘေးမှ ကင်းဝေးအောင်ကြံဆောင်ဖျောင်းဖျ၍ တရားဟောကြလေကုန်၊ ပါရမီရင့်မာ၍ ပညာကြီးသောသတ္တဝါလည်းရှိပါလိမ့်မည်။ ထိုသူတို့အား တရားဟူသောမိုးဖြင့် နှိုးကြပါလေကုန်၊ ရဟန်းခွင်သို့ဝင်လိုမူကား ငါဘုရားထံသို့မခေါ်ပဲပင် သင်တို့ရဟန်းပြုကြလေကုန်–ဟု သရဏဂုံသုံးပါးဖြင့် ရဟန်းပြုခြင်းကို ခွင့်ပေးတော်မူ၍စေလွှတ်တော်မူ၏။

"စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ၊ မာ ဧကေန ဒွေ အဂမိတ္ထ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ ၊ သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ ၊ အဿဝနတာယ ဓမ္မဿ ပရိဟာယန္တိ "ဟူ၍ သာသနာပြုထွက်ခါနီး တပည့်သာဝကတို့ကို ဩဝါဒစကားမြွက်ကြားတော်မူပါသည် "။ မြတ်ဗုဒ္ဓ၏ သာသနာပြု ဩဝါဒကား အထူးမှတ်သားဖွယ်ရာပါပင်။

ဤနေရာ၌ ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးနှင့် ဓမ္မကထိကအကျော် သဲကုန်းဆရာတော်ဘုရားတို့၏ မိန်းကြားချက်တို့ကို အထူးပင်သတိရမိပါသည်။ မဟာဂန္ဓရုံဆရာတော်ဘုရားကြီးက "သာသနာတည်မြဲအောင် ပြန့်ပွားအောင် သန့်ရှင်းအောင်လုပ်ဖို့ဆိုတာ အဆောက်အဦကြီးတွေက တတ်နိုင်တာမဟုတ်ဘူး၊ ပရိယတ္တိသာသနာနှင့် ပရိယတ္တိကိုအခြေခံသော လမ်းမှန်သည့် ပဋိပတ္တိသာသနာကသာ သာသနာကိုအရှည်တည်မြဲအောင် လုပ်ဆောင်မှာဖြစ်တယ် ၊ ဥပမာ–ဒုတိယသင်္ဂါယနာတင်တင်တဲ့အချိန်တုန်းက ဘုရားရှင်နှင့်တကွ ရဟန္တာကြီးများသီတင်းသုံးနေထိုင်သွားတဲ့ သာဝတ္ထိဇေတဝန်ကျောင်းတိုက်တော်ကြီး ပုပ္ဖာရုံကျောင်းတိုက်တော်ကြီးများနှင့် ရာဇဂြိုဟ်ပြည်က ဝေဠုဝန်ကျောင်းတိုက်တော်ကြီးများထဲက ထင်ရှားစွာကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်ကြီးများပါတာ မတွေ့ရဘူး။ အကျင့်သီလနှင့်နေတဲ့ အခြားသောသာနာ့ဝန်ဆောင်ရဟန်းတွေသာ ဦးဆောင်ပြီး သာသနာကိုစောင့်ရှောက်တော်မူခဲ့ကြတာတွေ့ရတယ်။

ယခုခေတ်ကြည့်ရင်လဲ အင်ဒိုနီးရှားတို့ အာဖဂန်နစ္စတန်တို့ အစရှိတဲ့နိုင်ငံတွေ အိန္ဒိယပြည်ကြီးတပြည်လုံးအနှံ့ ပါကစ္စတန် ပရှဝါအစရှိတဲ့ပြည်များမှာ ကျောက်စာသုတေသနဌာနအသီးသီးက ရှာဖွေတူးဖော်ကြရာ တစ်ပြည်လုံးအနှံ့ ဗုဒ္ဓနှင့်ဆိုင်ရာရုပ်တုတော်များ ပစ္စည်းများ အဆောက်အဦများ စေတီကြီးများကိုတွေ့ရသော်လည်း ပြည်သူအများမှာ ဗုဒ္ဓဘာသာဟူ၍ တစ်ယောက်မျှပင် မတွေ့ရလောက်အောင်ပင်ရှိနေပြီ မဟုတ်ပါလား။

အဲဒီတော့ သာသနာတည်ဖို့ဆိုတာ အဆာက်အဦကြီးတွေ တိုးတက်အောင် ခန့်ညားအောင် လှပအောင်ပြုနေခြင်းသည် အဓိကမဟုတ်၊ အများနားလည်နိုင်သော ပရိယတ္တိစာပေများပြန့်ပွားခြင်း မှန်ကန်သောတရားတော်များကို လေ့လာခွင့်ရခြင်း ကျင့်သုံးနေခြင်းသည်သာ ပဓာနဖြစ်တယ် "ဟု သာသနာပြုခြင်း သာသနာပြန့်ပွားအောင်ဖြန့်ပွါးခြင်းများနှင့်ပတ်သက်၍ ပြတ်သားစွာမိန့်ကြားတော်မူခဲ့ပါသည်။ ဆရာတော်ကြီးအလိုအရမူ ကြီးကျယ်

ခန့်ထည်လှသော စေတီတန်ဆောင်း ဂူကျောင်းကြီးများ အဆောက်အဦကြီးများ အံ့မခန်းတည်ဆောက်ခြင်းကိုပင် သာသနာပြုစစ်စစ် သာသနာ့အနှစ်ဟုဆိုလိုနိုင်မည်မဟုတ်ပါ။

ခေတ်သစ်မြန်မာ့သာသနာသမိုင်း၌ ရှေ့တန်းမှ ဦးဆောင်ဦးရွက်ပြုလျက်ရှိကြသော ဆရာတော်များထဲတွင် အထူးထင်ရှားလှသော သီတဂူဆရာတော်ကမူ "ဟိုနားမှာ မဖြစ်စလောက်စေတီသေးသေးလေးတည် ၊ ဒီနားမှာ ဇရပ်ကလေးသေးသေးဆောက် ၊ နောက်ပြီး ဘိုးတော်ယောင်ယောင် ၊ ဘွားတော်ယောင်ယောင် ၊ ဓာတ်လိုလို ၊ နတ်လိုလိုပုဂ္ဂိုလ်တွေက သာသနာပြု သာသာနာပြုဆိုတဲ့ဆိုင်းဘုတ်ကြီး ကြီးကြီးတွေထောင်နေကြတော့ စာသင်တိုက်ကြီးများမှာ နေ့မနား ညမအား စာသင်စာချလုပ် လုပ်နေတော်မူကြတဲ့ဆရာတော်များ ၊ တရားဟောတရားပြလုပ်နေတော်မူကြတဲ့ဆရာတော်များက သာသနာပြုဆိုတဲ့ဆိုင်းဘုတ်တပ်စရာ မကျန်တော့ဘူးဖြစ်နေတယ် "ရယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။ သာသနာအရေး သွေးအေးလေးဆေးမနေတတ်သော ဆရာတော်ကြီးများ၏မိန့်ကြားဟောပြောမှုများမှာ ရှင်းလင်းလှပါပေသည်။

ဘာသာရေးစာပေဆောင်းပါးများကိုရေးလေ့ရှိသောရဟန်းငယ်တစ်ပါးကမူ သူ၏ဆောင်းပါးစာမူတစ်ခု၌ "ဆန်းသစ်တိုးတက်လာသောယခုခေတ်၌မူ သာသနာပြုဆိုသောစကားအပေါ် ခေတ်နှင့်အပြိုင် နိုင်ငံခြား စကားတစ်လုံးတိုး၍ နိုင်ငံခြားသာသနာပြုဆိုသော ဝေါဟာရကို တွင်တွင်သုံး၍လာကြပြန်ပါပြီ ၊ ဆေးဆရာကလည်း နိုင်ငံခြားသာသာနာပြု ၊ အင်း အိုင် နက္ခတ် ဗေဒင် နတ်တို့ကလဲနိုင်ငံခြားသာသနာပြု ၊ ဟိုလှည့် ဒီနား ခရီးသွားတို့ကလည်း နိုင်ငံခြားသာသနာပြု ၊ အမျိုးမျိုးသော သာသနာပြုဆိုသူတွေ များသထက်များ၍လာလေပြီ ၊ ကြားသိတွေ့မြင်နေရသော လက်ရှိအခြေအနေအရမူ ထေရဝါဒဗုဒ္ဓသာသနာ့ဂုဏ်ရောင်သည်ပင် ကမ္ဘာ့အလည်၌ ညာတာဝါတာ သာသနာပြုဆိုသောပုဂ္ဂိုလ်အချို့ကြောင့် ညှိုးနွမ်းရမည့်အခြေသို့ရောက်၍နေပေပြီ၊ တကယ့် သာသနာမပြုနိုင်ကြသည့်တိုင် မိမိတို့နှင့်ပတ်သက်ပြီး ရှိတည်ပြီးသာသနာ့ဂုဏ်ကျက်သရေ မယုတ်လျော့ဖို့ကိုတော့ သာသနာပြု အမည်ခံပုဂ္ဂိုလ်ထူးများအနေနှင့် စောင့်ထိန်းဆင်ခြင်ဖို့ အထူးပင်လိုအပ်လှပါသည် "ဟုရေးသားထောက်ပြခဲ့ဘူးပါသည်။

ထိုထိုသို့သောကျမ်းဂန်လာစကားများနှင့် ဆရာတော်ကြီးငယ်များ၏မိန့်ကြားမှုများကိုထောက်ဆ၍ ကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံသောတရားဒေသနာများကို နတ်လူအများအကျိုးစီးပွားအလို့ငှါ ဟောပြောပြသဆိုဆုံးမခြင်း ၊ ဟောပြောပြသဆိုဆုံးမရန်အတွက် သင်အံလေ့လာကြိုးစားပွားများအားထုတ်ခြင်း၊ ထိုတာဝန်များကို နေ့ညမအားကိုယ်အားဉာဏ်အားစွမ်းပကားဖြင့် မနေမနားလုပ်ဆောင်နေကြသောပုဂ္ဂိုလ်များသည်သာ တကယ့်သာသနာပြုပုဂ္ဂိုလ်စစ်စစ်တို့ဟု ခေါ်ဆိုရပါမည်။ ဆိုလိုရင်းမှာ ဗုဒ္ဓ၏အဆုံးအမဒေသနာများ မပျောက်ပျက်ရလေအောင် အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်လာကြသော ပရိယတ္တိဝန်ဆောင် ပဋိပတ္တိဝန်ဆောင်အရှင်မြတ်များကိုသာ သာသနာပြု ပုဂ္ဂိုလ်စစ်စစ်တို့ဟု ခေါ်ဆိုရပါမည်။ ထိုသို့ခေါ်ဆိုပါမှသာ ဆီလျော်သဘာဝလည်းကျပေမည်။ ထိုဝန်ဆောင်ပုဂ္ဂိုလ်များ မကြောင့်မကြ မတောင့်မတလွတ်လွတ်လပ်လပ်သာသနာပြုနိုင်ရန်အတွက် ပစ္စည်းလေးပါး ဝေယျာဝစ္စသောအားတို့ဖြင့် ထောက်ပံ့လှူဒါန်းပံ့ပိုးနေကြသောပုဂ္ဂိုလ်များကိုလည်း ပရိယာယ်အားဖြင့်(သွယ်ဝိုက်သောအားဖြင့်) သာသနာပြုပုဂ္ဂိုလ်တို့ဟူ၍ခေါ်ဆိုနိုင်ပါသည်။

သို့သော် ထိုကဲ့သို့ ပရိယတ် ပဋိပတ်တာဝန်ကိုစွမ်းစွမ်းတမံထမ်းရွက်နေသူတို့က မိမိတို့ကိုယ်ကိုယ် သာသနာပြုပုဂ္ဂိုလ်ဟူ၍ အမည်ဆိုင်းဘုတ်မတပ်ကြပါပေ။ ထိုသို့သောပုဂ္ဂိုလ်များက သာသနာပြုဆိုင်းဘုတ် မတပ်ကြပါပဲလျက် သာသနာတော်သန့်ရှင်းစင်ကြယ်ရန်အတွက် အထောက်အကူလည်းမရ သာသနာတော်အရှည်တည်တန့်ခိုင်ခန့်ရန်အတွက်လည်း အရေးမပါလှသော မဖြစ်စလောက် ကျောင်းကလေးတွေဆောက် တောင်ကလေးတွေပြင် မဆိုစလောက်ကိုးတောင်ပြည့် ဆယ်တောင်ပြည့်စေတီလေးတွေတည်ပြီး သာသနာပြုအမည်ခံနေသူတွေနှင့် ဓာတ်ရိုက် ဓာတ်ဆင် ဗေဒင်လက်ဖွဲ့ အင်းအိုင်ဆေးဝါး နတ်သမား ပွဲပြင် သိဒ္ဓိတင် မန္တရား အတိတ်ပေးသမားတို့က ကိုယ့်ကိုယ်ကိုယ် သာသနာပြုနာမည်ကြီးကြီးခံယူနေကြသည်မှာ တွေးကြည့်ပါက ရက်ဖွယ်လိလိပင် ဖြစ်ပါတော့သည်။ အော် ဖြစ်မှဖြစ်ရပလေဟုလည်း ညီးတွားမိရပါသည်။

ထိုမှတဆင့်တက်၍ဆိုရပါမူ အလွန်တရာ ကြုံကြိုက်ခဲလှသော မြတ်ဗုဒ္ဓအဆုံးအမသာသနာတော်ကြီးနှင့် တွေ့ကြုံပြီးနေရပါလျက် မိမိတို့ကိုယ်ကိုယ်မိမိ သာသာနာပြုပုဂ္ဂိုလ်စစ်စစ်ကြီးတွေဟုထင်မှတ်ပြီး ထိုမျှလောက်နှင့် လမ်းဆုံးနေကြပါမူကား "အော် ဆုံးရှုံးခြင်း ကြီးလေစွဟု"သာ ရေရွတ်ရပါတော့မည်။

အရှင်ဉာဏိကာဘိဝံသ
Fremont, CA USA